# Pray for Rohingya ရက်ပေါင်း (၃၀) ဆုတောင်းအစီစဉ်

EXPECTANTLY SOWING

## မတ်လ (၁၀) ရက်မှ ဧပြီလ (၈) ရက်ထိ၊ ၂၀၂၄




## ရိုဟင်ဂျာများ ငြိမ်သက်ခြင်းအရှင် ဘုရားသခင်နဲ့ တွေ့ဆုံဖို့ ဆုတောင်းခြင်း

အောက်မှာဖော်ပြထားတဲ့ ဆုတောင်းခံချက်တွေက ကမ္ဘာတစ်ဝှမ်းရဲ့ မတူညီတဲ့ အခြေအနေမျိုးမျိုးထဲက ရိုဟင်ဂျာများအတွက် သင်တို့ဆုတောင်းကူညီနိုင်အောင် လမ်းပြပါလိမ့်မယ်။ ခြုံငုံပြီးကြည့်ရင် အားလုံးက သာမန်ခေါင်းစဉ်အကြောင်းအရာတွေပဲဖြစ်ပါတယ်၊ သို့သော် ၎င်းတို့မှာ သူ့အခြေအနေနဲ့သူလိုက်ပြီး ထူးခြားမှုတွေရှိကြပါတယ်။ လာမယ့် ရက်သုံးဆယ် ကိုယ်စားပြုဆုတောင်းခြင်းအစီအစဉ်ထဲမှာ ပါဝင်ပေးလို့ ကျေးဇူးတင်ပါတယ်။ ဖော်ပြထားတဲ့ လူပုဂ္ဂိုလ်၊ တည်နေရာ၊ သာသနာလုပ်ငန်းနဲ့ အခြေအနေတွေ အတွက် သင်တို့ဆုတောင်းပေးတဲ့အခါ ဘုရားသခင်က သင်တို့ရဲ့နှလုံးသားထဲမှာ ရိုဟင်ဂျာများအတွက် နက်ရှိုင်းတဲ့မေတ္တာကို ထည့်ပေးမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

နှုတ်ခမ်းအသီးကို ငါ ဖန်ဆင်း၏။ ဝေးသောသူ၊ နီးသောသူတို့၌ ငြိမ်သက်ခြင်း ရှိစေသော။ ငါသည် သူ့ကို ကုသပေးမည်”ဟု ထာဝရဘုရားမိန့်တော်မူ၏။ (ဟေရှာ ၅၇း၁၉)



## အမေရိကန်ပြည်ထောင်စု

### ၁

ရိုဟင်ဂျာတွေထဲမှာ အိပ်မက်ရူပါရုံနဲ့ ယေရှုကို တွေ့မြင်ကြဖို့၊ ယေရှုကို အိပ်မက်ရူပါရုံနဲ့ မြင်ခဲ့ဖူးတဲ့ သူတွေနဲ့ ယေရှုနောက်လိုက်သူတွေ ချိတ်ဆက်မိကြဖို့ ဆုတောင်းပါ။

### ၂

အိပ်မက်ရူပါရုံတွေရနေတဲ့ အမျိုးသမီး လူငယ်တစ်ယောက်အတွက် ဆုတောင်းကူညီပါ။ သူမအနေနဲ့ ဘုရားသခင်ကို ရှာမွေ့လလို ရှာတတ်ဖို့ ဆုတောင်းပါ။

### ၃

ဝိညာဉ်ရေးရာအမှုအရာတွေ နဲ့ ယေရှုရဲ့ဖြစ်တည်ခြင်း အကြောင်းတွေကို ပိုပြီးလေးလေးနက်နက် စာတော်ပြင်းပြလာဖို့ ဆုတောင်းပါ။

### ၄

သမ္မာကျမ်းစာဖတ်ဖူး တဲ့သူများ (သို့) သမ္မာကျမ်းစာကိုယ်တိုင်လေ့လာ ဆင်ခြင် နေတဲ့သူများကို နှိမ့်ချနာခံတတ်တဲ့ နှလုံးသားပေးဖို့ ဆုတောင်းပါ။

### ၅

ယေရှုရဲ့ဖြစ်ရပ်ဇာတ်လမ်းတွေအကြောင်း ပိုမိုသိလိုတဲ့ ရိုဟင်ဂျာ အမျိုးသမီးနှစ်ယောက်အတွက် ဆုတောင်းပါ။ သူတို့နှစ်ယောက်လုံးရဲ့ အသက်တာမှာ အချိန်တစ်ခုကြာ မျိုးစေ့များစွာကြဲထားတာရှိပါတယ်၊ သူတို့ဖက်ကလည်း မေးခွန်းတွေ မေးပြီးဆင်ခြင်နေပါတယ်။ ဘုရားသခင်က ဒီမျိုးစေ့တွေကို အပင်ပေါက်စေပြီး သူတို့ရဲ့ မိသားစု အားလုံး ယုံကြည်သူတွေဖြစ်လာစေဖို့ ဆုတောင်းပါ။

## မြန်မာနိုင်ငံ

### ၆

မြန်မာနိုင်ငံမှာ ရိုဟင်ဂျာရပ်ရွာတွေထဲ သွားရောက်ပြီး ငြိမ်သက်ခြင်းဧဝံဂေလိတရားကို ဝေငှနေတဲ့ ယုံကြည်သူအနည်းငယ်ရှိပါတယ်။ ဒီယုံကြည်သူညီအစ်ကိုတွေအတွက် ဆုတောင်းပါ။ ဘုရားသခင်က သူတို့အားဖြင့် ပေါင်းကူးတံတား တွေတည်ဆောက်ပေးပြီး သူတို့ရဲ့အသက်တာ နဲ့ အမှုတော်လုပ်ငန်းအားဖြင့် ယေရှုနဲ့မိတ်သဟာယ ဖွဲ့ခြင်းထဲမှာပဲ စစ်မှန်တဲ့ငြိမ်သက်ခြင်းရှိတယ်ဆို တာကိုထင်ရှားစေဖို့ ဆုတောင်းပါ။

### ၇

ရိုဟင်ဂျာအစ္စလာမ်ဘာသာဝင်တွေနဲ့ ရခိုင်ပြည်နယ်က ဗုဒ္ဓဘာသာဝင်တွေဟာ မြန်မာနိုင်ငံထဲက ဒေသတစ်ခု တည်းမှာ အတူတကွမှီတင်းနေထိုင်ကြပါတယ်။ သို့သော် စာတန်မာရ်နတ်က လူမျိုး၊ ယဉ်ကျေးမှုကွဲပြားမှုတွေကို အသုံးချပြီး အချင်းချင်းမယုံကြည်မှု၊ မလိုမုန်းတီးမှု မျိုးစေ့တွေချခဲ့တာကြောင့် အားလုံး ဒုက္ခခံစားရပါတယ်။ မြန်မာနိုင်ငံထဲက ရိုဟင်ဂျာ နဲ့ ရခိုင်လူမျိုးတို့ကြား ပြန်လည်သင့်မြတ်ပြီး ငြိမ်းချမ်းရေးရှိလာဖို့ ဆုတောင်းပါ။

### ၈

“သေနတ်ပစ်သံတွေ၊ ဗုံးသံတွေကြောင့် ကျွန်တော်တို့ တစ်ညလုံးအိပ်မရပါဘူး” လို့ ရခိုင်ပြည်နယ်ထဲက ရိုဟင်ဂျာတစ်ယောက်ဆိုပါတယ်။ လက်ရှိ စစ်တပ်ကို ဆန့်ကျင်တော်လှန်နေတဲ့ တိုက်ပွဲတွေကြား ပိတ်မိနေတဲ့ ထောင်နဲ့ချီတဲ့ ရိုဟင်ဂျာတွေကို ဘုရားသခင်လုံခြုံစွာ ကွယ်ကာပေးဖို့ ဆုတောင်းပါ။
“အကျွန်ုပ်သည် ငြိမ်းချမ်းစွာလဲလျောင်း၍ အိပ်ပျော်ပါမည်။ အကြောင်းမူကား အို ထာဝရဘုရား၊ ကိုယ်တော်တစ်ပါးတည်းသာလျှင် အကျွန်ုပ်အား ဘေးကင်းလုံခြုံစွာနေထိုင်ရသောအခွင့်ကို ပေးတော်မူပါ၏။”
(ဆာ ၄း၈ (MSBU)

၉

ရခိုင်ပြည်နယ်မှာ ရိုဟင်ဂျာဘာသာစကားနဲ့ သမ္မာကျမ်းစာအစီအစဉ်တွေကို ရေဒီယိုလေလှိုင်းကတဆင့် နေ့စဉ်ထုတ်လွှင့်နေပါတယ်။ ဒီအစီအစဉ်ထုတ်လွှင့်မှုကိုဖမ်းယူနားဆင်တဲ့ ရိုဟင်ဂျာတွေ တိုးလာပြီး လက်ရှိနားထောင်ခွန်အားယူနေတဲ့လူတွေရဲ့ နှလုံးသား နဲ့ အသက်တာတစ်ခုလုံးကိုလည်း ဘုရားသခင် ပြောင်းလဲပေးဖို့ ဆုတောင်းပါ။

၁၀

မြန်မာနိုင်ငံကိုထိန်းချုပ်အစိုးရနိုင်ဖို့အရေး စစ်တပ်နဲ့ ဆန့်ကျင်တော်လှန်နေတဲ့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)က ၂၀၂၃ ခုနှစ်ထဲမှာ ပထမဆုံးရိုဟင်ဂျာလွှတ် တော်အမတ်တစ်ဦးခန့်အပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်ခေါင်းဆောင်တွေက ရိုဟင်ဂျာတွေအပေါ် မျက်နှာသာပေးသနားတတ်လာဖို့ ဆုတောင်းပါ။ ၎င်းတို့က တစ်နိုင်ငံလုံး အေးချမ်းသာယာမှုကိုရှာဖွေပြီး နှိမ့်ချတဲ့စိတ်၊ သနားကြင်နာတတ်တဲ့သဘောနဲ့ အုပ်ချုပ် တတ်ဖို့ ဆုတောင်းပါ။



# အိန္ဒိယနိုင်ငံ

၁၁

စာဟီလ်က အိန္ဒိယနိုင်ငံမှာ နေထိုင်တဲ့ ယုံကြည်သူ ရိုဟင်ဂျာတစ်ယောက်ဖြစ်ပါတယ်။ ဧဝံဂေလိတရား ဟောကြားခဲ့တာကြောင့် သူ့ရဲ့သတင်းအချက်အလက် နဲ့ အတူ တွေ့တဲ့နေရာမှာ သူ့ကိုတိုက်ခိုက်ကြဖို့ဆော်သြ ထားတဲ့သတင်းစကားကို အွန်လိုင်းပေါ်မှာဖြန့်ဝေထား ခြင်းခံရပါတယ်။ ယခုအချိန်မှာတော့ စာဟီလ်ဟာ သူ့ရဲ့အိမ်ကနေအပြင်ထွက်ဖို့တောင် မလုံခြုံတော့သလို ခံစားနေရပါတယ်။ သူ့ရဲ့ လုံခြုံမှု နဲ့ ဘုရားသခင်ရဲ့ ငြိမ် သက်ခြင်းပေးဖို့ ဆုတောင်းပါ။

၁၂

ယေရှုကိုယုံကြည်တဲ့ အခြား ရိုဟင်ဂျာတစ်ယောက်ဖြစ် တဲ့ ဆရက်အူလှ ဆိုသူကိုလည်း လူငယ်တချို့က ပန်းခြံမှာ သူ့ကိုတိုက်ခိုက်ဖို့ ကြံစည်နေကြောင်း အသိဆွေမျိုး တစ်ယောက်မှ သတင်းပေးလို့ကြိုသိရပါတယ်။ ယေရှုခရစ်တော်ထဲမှာရှိတဲ့ လူကြံစည်၍မမှီနိုင်သော ဘုရားသခင်ရဲ့ငြိမ်သက်ခြင်းနဲ့ သူ့ရဲ့စိတ်၊ဝိညာဉ်ကို လမ်းပြမစပေးဖို့ နဲ့ သူ့ရဲ့လုံခြုံမှုအတွက် ဆုတောင်းပါ။



# ပါကစ္စတန် နိုင်ငံ

၁၃

ပါကစ္စတန် နိုင်ငံမှာနေထိုင်တဲ့ ရိုဟင်ဂျာတွေက မကြာသေးခင်ကပဲ ယေရှုရဲ့ ဖြစ်ရပ်ဇာတ်လမ်းတွေကို သူတို့မိခင်ဘာသာစကားနဲ့ လူမှုကွန်ရက် ဖေ့စ်ဘွတ် ပေါ်ကတဆင့်ရရှိနေပါပြီ။ စာငတ်နေတဲ့ နှလုံးသားများစွာ က ဒီဗီဒီယိုတွေကိုရှာဖွေတွေ့ရှိပြီး ဧဝံဂေလိတရားကို အသင့်ကြားနိုင်ဖို့၊ ယေရှုခရစ်တော်အားဖြင့် ဖြစ်ပေါ်လာ တဲ့ ဘုရားသခင်နဲ့သင့်မြတ်ခြင်းကို ရှာတွေ့ကြဖို့ ဆုတောင်းပါ။

၁၄

ယေရှုအကြောင်းတင်ဆက်ထားတဲ့ ဗီဒီယိုတစ်ခုကို ဖေ့စ်ဘွတ်ပေါ်မှာ ကြည့်ရှုမိတဲ့ မိုဟာမက် ယူနုပ်စ်ဆိုသူက ကျွန်တော်တို့ထံဆက်သွယ်လာပါတယ်။ ဘုရားသခင်က သူ့အထဲ ယေရှုအကြောင်း ပိုမိုသိလိုတဲ့စိတ်၊ နှုတ်ကပတ်တော်ကို ဖတ်ရှုဆင်ခြင်လိုတဲ့ဆန္ဒတွေ ထည့်ပေးဖို့ ဆုတောင်းပါ။



# အင်ဒိုနီးရှားနိုင်ငံ

၁၅

အာချေးပြည်နယ်ထဲက အခြေအနေဟာ စိန်ခေါ်မှုတွေရှိ နေဆဲဖြစ်တယ်။ လက်ရှိ အဲ့ဒီပြည်နယ်ထဲမှာ ရိုဟင်ဂျာ ၁,၅၀၀ ခန့်ရှိနေပါပြီ။ အများစုက လွန်ခဲ့တဲ့လ အနည်းငယ်တုန်းက ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ ဒေသခံလူတွေက မကြိုဆိုတာကြောင့် သူတို့အားလုံး အခက်ကြုံနေရပါတယ်။ သူတို့အရေးကို ထောက်ခံပြောဆိုပေးမယ့် သြဇာလွှမ်းမိုးတဲ့ လူပုဂ္ဂိုလ်တွေ ပေါ်လာဖို့၊ သူတို့ရဲ့အခြေခံလိုအပ်ချက် တွေရရှိကြဖို့၊ ကြုံတွေ့နေတဲ့ အခြေအနေက သူတို့ကို ဘုရားသခင်ရဲ့နိုင်ငံတော်နဲ့ပိုမိုနီးကပ်စေဖို့ ဆုတောင်းကူညီပါ။

# မလေးရှားနိုင်ငံ

## ၁၆

မလေးရှားနိုင်ငံတွင်းမှာ ဒုက္ခသည်တွေအဖြစ် နေထိုင်ရတဲ့ မြေပြင်အခြေအနေကခက်ခဲလှပါတယ်။ ရိုဟင်ဂျာတွေဟာ ခွဲခြားဆက်ဆံခြင်းနဲ့ မတရားမှုတွေကို ရင်ဆိုင်ရပါတယ်။ အာဇဇ် ဆိုတဲ့ရိုဟင်ဂျာတစ်ယောက် စားသောက်ဆိုင်မှာအလုပ်ဝင်လုပ်လို့ဆိုပြီး အဖမ်းခံ ရပါတယ်။ သူ့အချုပ်ထဲက ပြန်လွတ်လာတဲ့အခါ “ငါဘာတတ်နိုင်မလဲ၊ မိသားစုကိုကျွေးမွေးဖို့ အလုပ်လုပ်ရမယ်” ဆိုပြီး အလုပ်ပြန်ဝင်နေပါတယ်။ ဒီနိုင်ငံမှာ ရိုဟင်ဂျာတွေ ကြောက်စရာမလိုဘဲ နေထိုင်အသက်ရှင်နိုင်ဖို့ အာဏာပိုင်တွေရဲ့ နှလုံးသားတွေ ပြောင်းလဲသွားအောင် ဆုတောင်းပါ။

## ၁၇

မလေးရှားနိုင်ငံထဲက ရိုဟင်ဂျာတွေဟာ ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေပိုင်ဆိုင်မယ့် အခြားနိုင်ငံကို ရွှေ့ပြောင်းအခြေချနိုင်ဖို့ မျှော်လင့်နေ ပါတယ်။ ဒီအခွင့်အရေးက လက်တဆုပ်စာလူအရေ အတွက်လောက်ပဲရမှာဖြစ်တယ်။ ဒီအခွင့်အရေးရဖို့ စောင့်ရတဲ့နှစ်တွေမှာ မျှော်လင့်ချက်မဲ့မှု၊ ဝရုန်းသုန်းကား ဖြစ်ရတဲ့ ခံစားချက်တွေနဲ့ အသက်ရှင်ရမှာဖြစ်ပါတယ်။ ရှာနူဆိုတဲ့ ရိုဟင်ဂျာအမျိုးသမီးက ကနေဒါနိုင်ငံအကြောင်း ဗီဒီယိုတွေနေ့စဉ် ကြည့်ရှုနေပြီး အဲ့ဒီနေရာကိုသာ သူရောက်ခဲ့ရင် ပျော်ရမှာပဲလို့ စဉ်းစားနေပါတယ်။ ကျွန်တော်တို့သူငယ်ချင်းတွေ နဲ့ ကောင်းကင်နိုင်ငံသားဖြစ်ရသောအခွင့်အကြောင်း စကားစမြည်ပြောဆိုနိုင်ဖို့ ဆုတောင်းပေးပါ။

## ၁၉

သူတို့ရဲ့လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲကိုတုံ့ပြန်တဲ့ အနေနဲ့ တချို့ရိုဟင်ဂျာတွေက အစ္စလာမ်ဘာသာကို လေးလေးနက်နက်မှီခိုအားကိုးကြပါတယ်။ တချို့ကျ တော့လည်း ဘုရားသခင်ရဲ့ အကူအညီ (သို့) ကောင်းကြီး ရချင်လွန်းလို့ အယူသီးတဲ့အလေ့အကျင့်တွေကို ကိုင်စွဲ ထားပါတယ်။ ရိုဟင်ဂျာတွေထဲမှာ အသိုင်းအဝိုင်းရဲ့ ငြင်းပယ်မှုကိုခံရသည့်တိုင် ယေရှုနောက်ပဲလိုက်ဖို့ ရွေးချယ်ဆုံးဖြတ်တဲ့ တာဟာ လိုယုံကြည်သူမျိုး ရိုဟင်ဂျာတွေထဲမှာ အလွန်နည်းပါတယ်။ ဒေသန္တာရ အသင်းတော်ဟာ ရိုဟင်ဂျာတွေအတွက် ဘုရားသခင် ရဲ့ ငြိမ်သက်ခြင်းကို ထိတွေ့ခံစားနိုင်မယ့် နေရာတစ်ခုဖြစ်ဖို့ ဆုတောင်းပါ။

## ၁၉

ရာရှိဒ်ဆိုတဲ့ လူငယ်အမျိုးသားတစ်ယောက်က သူ့ မိသားစုဝင်အားလုံး ဆုံးရှုံးလိုက်ရပြီး သူ့လူမျိုးဖြစ်တဲ့ ရိုဟင်ဂျာတွေရဲ့ ဒုက္ခအကျဉ်းအကျပ်ထဲမှာ မျှော်လင့်ချက်မဲ့နေတဲ့သူ ဖြစ်ပါတယ်။ “ရိုဟင်ဂျာတွေ ဒီပုံစံနဲ့ အသက်ရှင်နေမယ့်အစား အားလုံး ပင်လယ်ထဲ ရေနှစ်သေတာတောင် ပိုကောင်းဦးမယ်။ အဲ့ဒါမှ ကမ္ဘာကြီးကနေ ကျွန်တော်တို့ ပျောက်ကွယ်သွားမှာ” လို့ မကြာခဏ သူပြောလေ့ရှိပါတယ်။ ရာရှိဒ် တစ်ယောက် ဘုရားသခင်ရဲ့ တည်မြဲတဲ့ ငြိမ်သက်ခြင်းကို တွေ့ရှိဖို့ ဆုတောင်းပါ။

## ၂၀

နူရ်အိုင်ရှာ ဆိုတဲ့အမျိုးသမီးက အခြားသူတွေအကြောင်း အတင်းအဖျင်း စကားပြောဆိုမိတာကြောင့် သူမရဲ့အသိုင်းအဝိုင်းရဲ့ ပစ်ပယ်တာခံရပါတယ်။ ယေရှုက ပစ်ပယ်ခံရတဲ့လူတွေကိုချစ်တာကိုကြားရတော့ ယေရှုရဲ့ဖြစ်ရပ်ဇာတ်လမ်းတွေကို သူစိတ်ဝင်စားလာခဲ့ ပြီး ယေရှုအကြောင်းဘယ်လိုပိုသိနိုင်မလဲလို့ စုံစမ်း မေးမြန်းခဲ့ပါတယ်။ သိပ်မကြာခင်မှာပဲ သူမရဲ့အမျိုးသား က သူမ နဲ့ ကလေးကို အခြားနိုင်ငံတစ်ခုကို ပြောင်းရွှေ့ စေခဲ့ပါတယ်။ ဘုရားသခင်က သူမရဲ့နှလုံးသားမှာ ဆက်လက်မျိုးစေ့တွေကြဲပေးဖို့ ဆုတောင်းပါ။



# နီပေါနိုင်ငံ

## ၂၁

နီပေါနိုင်ငံမှာရှိတဲ့ ကျွန်တော်တို့ရဲ့ ရိုဟင်ဂျာ သူငယ်ချင်းတွေအတွက် မြေနေရာဝယ်ပေးဖို့ နှစ်နှစ်နီးပါးကြိုးစားလုပ်ဆောင်ပြီးတဲ့နောက်မှာ သူတို့အတွက် မွေးရပ်ဌာနေနဲ့ဝေးရာအရပ်မှာ အိမ်လို့ ခေါ်နိုင်မယ့် နေရာတစ်ခုကိုဝယ်ယူဖန်တီးပေးနိုင်တဲ့ အတွက် ကျွန်တော်တို့အားရဝမ်းမြောက်ပါတယ်။ သူတို့ရဲ့ပတ်ဝန်းကျင်က ဟိန္ဒူဘာသာဝင်တွေရဲ့ လက်ခံကြိုဆိုမှုကိုရရှိဖို့၊ မေတ္တာ နဲ့ တန်ဖိုးထား ဆက်ဆံခံရဖို့၊ ဘုရားသခင်ရဲ့အံ့အားသင့်စဖွယ် မေတ္တာနဲ့ ဆွဲငင်မှုကို အယောက်တိုင်းခံစားမိကြဖို့ ဆုတောင်းပါ။



# ဂျော်ဒန်နိုင်ငံ

## ၂၂

ဂျော်ဒန်နိုင်ငံမှာ ရိုဟင်ဂျာလို့ မှတ်ပုံတင်ခံထားရတဲ့ လူရာနဲ့ချီရှိနေတယ်လို့ မကြာသေးခင်က သိရပါတယ်။ သူတို့က ဟိုးအရင်ကတည်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံကူး လက်မှတ်အတုတွေနဲ့ ဝင်ရောက်နေထိုင်ခဲ့တာဖြစ်ပါတယ်။ ဒီသေးငယ်တဲ့ အသိုင်းအဝိုင်း နဲ့ သူတို့ရဲ့ တိကျတဲ့ လိုအပ်ချက်တွေကို လူတွေတွေ့မြင်စေဖို့ ဆုတောင်းပါ။ ဂျော်ဒန်နိုင်ငံထဲက ရိုဟင်ဂျာတွေကို ယေရှုရဲ့ဧဝံဂေလိ တရားဟောကြားမယ့်လူတွေပေါ်လာဖို့ ဆုတောင်းပါ။

# ဆော်ဒီအာရေဗျနိုင်ငံ

## ၂၃

ရိုဟင်ဂျာ သန်းတစ်ဝက်နီးပါး ဆော်ဒီအာရေဗျ နိုင်ငံမှာ နေထိုင်ပါတယ်။ ဆော်ဒီအစိုးရက မကြာသေးခင် နှစ်တွေမှာ အနောက်တိုင်းသားတွေကို နိုင်ငံတွင်း လာရောက်လည်ပတ်နေထိုင်ဖို့ လမ်းဖွင့်ပေးခဲ့ပါတယ်။ ဒါပေမဲ့ ရိုဟင်ဂျာတွေကို ပစ်မှတ်ထားအစေခံတဲ့ အမှုတော်လုပ်ငန်းရှိတယ်ဆိုတာတော့ လက်ရှိအချိန်ထိ မသိရသေးပါဘူး။ အဲ့ဒီနိုင်ငံမှာရောက်နေတဲ့ ရိုဟင်ဂျာတွေကို အစေခံမယ့် မင်္ဂလာသားတွေကို ဘုရားသခင်ခေါ်ယူစေလွှတ်ပေးဖို့ဆုတောင်းပါ။ ဆော်ဒီအာရေဗျ နိုင်ငံတွင်းမှာရှိတဲ့ ရိုဟင်ဂျာတွေဆီ ထာဝရငြိမ်သက်ခြင်းယူဆောင်ပေးမယ့် အခွင့်အလမ်း တွေရှိလာဖို့ ဆုတောင်းပါ။

# ထိုင်းနိုင်ငံ

## ၂၄

ဒီနေ့ခေတ်မှာ "ငြိမ်သက်ခြင်း" ဆိုတဲ့စကားလုံး သို့မဟုတ် ငြိမ်သက်ခြင်းမရှိဘူးဆိုတဲ့စကားလုံးကို လူသုံးများနေပါတယ်။ ကျွန်တော်တို့က ငြိမ်သက်ခြင်းစာငတ်နေတဲ့ ကမ္ဘာကြီးမှာအသက်ရှင်နေပါတယ်။ ဘဝဝမ်းစာအတွက်တောင် အနိုင်နိုင်ရုန်းကန်နေရတဲ့ ကျွန်တော်တို့ ရိုဟင်ဂျာသူငယ်ချင်းတွေရဲ့ဘဝမှာ ငြိမ်သက်ခြင်းကိုခံစားရဖို့က ခက်ခဲလှပါတယ်။ ယေရှု တစ်ပါးတည်းသာ ပေးနိုင်တဲ့ ငြိမ်သက်ခြင်းအကြောင်း သူတို့ကို မျှဝေပေးနိုင်ဖို့ ဆုတောင်းပါ။

## ၂၅

အီဖန်ကတော့ ဘန်ကောက်မြို့မှာနေထိုင်တဲ့ လူငယ်အမျိုးသားတစ်ယောက်ဖြစ်ပါတယ်။ သူ့မိသားစုဝင်တွေကတော့ ရခိုင်ပြည်နယ်ထဲမှာပဲ ရှိနေပါတယ်။ သူက သူ့မိသားစုတွေရဲ့ စားဝတ်နေရေးနဲ့ လုံခြုံရေးအတွက် အရမ်းစိုးရိမ်နေပါတယ်။ "ဒီအခြေအနေထဲမှာ ကျွန်တော် ဆက်လက်ရှင်သန်နိုင်မယ့်နည်းလမ်းကတော့ ငြိမ်သက်ခြင်းရှိဖို့ပါပဲ" လို့ သူကပြောပါတယ်။ ယေရှုကို သူကိုယ်တိုင်သိကျွမ်းခွင့်ရတဲ့အပေါ် ဘုရားသခင်ရဲ့ ဂုဏ်တော်ကိုချီးမွမ်းပြီး သူ့ရဲ့အသက်တာမှာ ဘုရားသခင်ရဲ့ ငြိမ်သက်ခြင်းစတင်ထိတွေ့ခံစားနိုင်ဖို့ ဆုတောင်းပေးပါ။



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ

## ၂၆

ယုံကြည်သူများအချင်းချင်း ငြိမ်းချမ်းရေး (နိုင်ငံအသီးသီး) – ကျွန်တော်တို့အားလုံးဟာ အခြားသောယေရှု၏နောက်လိုက်များနှင့်အတူ ငြိမ်ချမ်းစွာလက်တွေ့ယှဉ်တွဲနေထိုင်ဖို့ ကိုယ်ပိုင်အခက်အခဲများစွာ ရှိကြပါတယ်။ နုနယ်တိုတောင်းသေးတဲ့ ရိုဟင်ဂျာအသင်းတော်၏သမိုင်းမှာ၊ ယုံကြည်သူများဟာ ယေရှုခရစ်မြင်တွေ့လိုတဲ့ သူ့ရဲ့နောက်လိုက်များအကြား ချစ်ခြင်းမေတ္တာနှင့် စည်းလုံးမှုများကို အကောင်းအထည် မဖော်နိုင်ကြသေးပါဘူး။ အတင်းအဓမ္မအစိုးတရပြုခြင်း၊ ခွဲခြားခြင်းနှင့် ငွေကြေးများကို ပညာမဲ့စွာ အသုံးပြုခြင်းဖြင့် အရမ်းနက်နဲလှတဲ့ ပဋိပက္ခများကိုသာ ဖြစ်စေခဲ့ပါတယ်။ ဒီပြဿနာများဟာ ခေါင်းဆောင်များအကြား အချင်းချင်းကွဲပြားခြင်းနှင့် ရန်လိုမုန်းတီးမှုများ ပေါ်လာစေလျက် သူတို့၏စံနှုန်း၊ သိက္ခာ၊ စံနမူနာများကိုလည်း ကျဆင်းစေပါတယ်။ ဒါကြောင့်၊ ယုံကြည်သူများအချင်းချင်း ငြိမ်းချမ်းမှုနှင့် စည်းလုံးညီညွတ်မှုရှိစေဖို့ ဆုတောင်းပါ။

## ၂၇

ငြိမ်သက်ခြင်းကို စတင်ကတည်းက ပျက်စီးစေတဲ့ အတင်းအဖျင်းစကား "ထင်းမရှိလျှင် မီးသည်ငြိမ်းသွားတတ်၏။ အတင်းအဖျင်းပြောဆိုသောသူမရှိလျှင်လည်း အငြင်းပွားမှုသည် ငြိမ်သက်သွားတတ်၏။" (သုတ္တံ ၂၆း၂၀)။ ကျဉ်းကျပ်လှတဲ့ ရိုဟင်ဂျာဒုက္ခသည် စခန်းမှာ သတင်းစကားတွေပြန့်နှံ့တာ အတော်မြန်ပါတယ်။ အိမ်နီးချင်းတွေအကြောင်း၊ ဆွေမျိုးတွေအကြောင်း အတင်းအဖျင်းပြောတဲ့စကားတွေပေါ့။ ဒီတော့ တကယ့်အဖြစ် မှန်စကားတွေက ထင်မြင်ယူဆချက် တွေနဲ့ ရောကုန်တယ်၊ ချဲ့ထွင်ပြောဆိုမှုတွေ၊ ဟုတ်တိုင်းမှန်ရာ စီရင်ချက်တွေနဲ့ ရှုပ်နေပါတယ်။ အတင်းအဖျင်းစကားဟာ မီးလောင်ရာလေပင့်သည် ဆိုသလို တင်းမာမှု နဲ့ ဆက်ဆံရေးတွေကို ပိုမိုပြင်းထန်အောင် လှုံ့ဆော်ပေးတတ်ပါတယ်။ အတင်းအဖျင်းစကားတွေရပ်တန့်သွားဖို့ ဆုတောင်းပါ။

## ၂၈

ဒုက္ခသည်စခန်းထဲမှာ ငြိမ်သက်ခြင်းရှိဖို့ဆုတောင်းပါ။

လွန်ခဲ့တဲ့ ငါးနှစ်တာအတွင်းမှာ ရိုဟင်ဂျာဒုက္ခသည်စခန်း ဟာ မြန်မာစစ်တပ်ကနေ ထွက်ပြေးခိုလှုံရာ လုံခြုံတဲ့ နေရာတစ်ခုကနေ ရိုက်နှက်မှု၊ ပြန်ပြေးဆွဲမှု၊ လူသတ်မှုတွေဟာ သာမန်ဖြစ်စဉ်လိုဖြစ်လာတဲ့ အိပ်မက်ဆိုးလို နေရာတစ်ခုအဖြစ် ပြောင်းလဲသွား ပါတယ်။ ဒုက္ခသည်စခန်းထဲမှာ ရာဇဝတ်ဂိုဏ်းအဖွဲ့၊ လက်နက်ကိုင်အဖွဲ့နဲ့ ဘာသာရေးအစွန်းရောက်တွေက ကြီးစိုးလာကြပါတယ်။ ရိုဟင်ဂျာတွေရဲ့ လက်ရှိ အခြေအနေက မြန်မာနိုင်ငံမှာကြုံရတဲ့ အခက်အခဲ ထက်တောင် ပိုဆိုးသွားပြီလို့ လူတွေပြောကြပါတယ်။ ဘုရားသခင်ရဲ့ ဧဝံဂေလိတရားနဲ့ဆိုင်တဲ့ ငြိမ်သက်ခြင်းက ဒီလူတွေရဲ့ နှလုံးသားတွေကို ပြောင်းလဲပေးဖို့ ဆုတောင်းကူညီပေးပါ။

## ၂၉

သမ္မာကျမ်းစာဘာသာပြန်အဖွဲ့များအချင်းချင်း သဘောတူညီမှု (နိုင်ငံအသီးသီး) – သမ္မာကျမ်းစာဘာသာပြန်အဖွဲ့များတွင်ပင် ငြိမ်းချမ်းခြင်းနှင့် စည်းလုံးညီညွတ်ခြင်း အမြဲမရှိပေ။ ဘာသာပြန်သောသူ/သူမများဟာ လူသားအားလုံးအတွက် အရေးကြီးဆုံးသတင်းကို ဘာသာပြန်စေဖို့ အကောင်းဆုံးလုပ်ချင်ကြပါတယ်။ ဒါပေမဲ့၊ တစ်ခါတစ်ရံ၊ဘာသာပြန်သူတစ်ယောက်က အကောင်းဆုံးလို့ထင်တဲ့ အရာဟာ အခြားတစ်ယောက်အတွက်တော့ သူထင်သလိုမဟုတ်ပါဘူး။ ရည်ရွယ်ချက်ကောင်းဖြင့် ဆောင်ရွက်နေပေမဲ့ သဘောမတူမှုများ ပေါ်လာတတ်ပါတယ်။ စကားလုံးများကို စာလုံးပေါင်းခြင်းစတဲ့ သာမန်ကိစ္စများနှင့် တခြားသဘောမတူညီမှုများကို ဖြေရှင်းစေဖို့ ရင့်ကျက်တဲ့သဘောရှိပြီး တတ်နိုင်သလောက် သဘောတူညီနိုင်မည့်အကြောင်း ဆုတောင်းပါ။

## ၃၀

ငြိမ်သက်ခြင်း ဖော်ဆောင်နိုင်ရန် ဆုတောင်းပါ။

ငြိမ်သက်ခြင်းရှိဖို့ အားပေးတာ၊ ပြန်လည်သင့်မြတ် အောင် စေ့စပ်ပေးရတာက ခက်ခဲတဲ့ အလုပ်ဖြစ် ပါတယ်။ ရိုဟင်ဂျာတွေနဲ့ ထိတွေ့ဖို့ဆိုရင် ဘာသာစကား အခက်အခဲ နဲ့ ပုံမှန် လုပ်ထုံးလုပ်နည်း ယဉ်ကျေးမှု အလေ့အလာတွေမသိတဲ့ နိုင်ငံခြားသားတွေအတွက်ဆို ပိုပြီးမှတောင် ခက်ခဲပါတယ်။ ရိုဟင်ဂျာတွေမှာ နှစ်ရှည်ကြာ အငြိုးထားတတ်တဲ့ သဘောရှိပုံရပါတယ်။ နိုင်ငံခြားသား အစေခံဝန်ထမ်းတွေက သူတို့ရဲ့ နားလည်မှုကန့်သတ်ချက်တွေနဲ့ လက်ရှိတင်းမာမှုတွေ ကို ပိုမိုပြင်းထန်စေတာမဟုတ်ဘဲ ငြိမ်သက်ခြင်းကို ဖော်ဆောင်ပေးမယ့်သူတွေဖြစ်ဖို့ ဆုတောင်းကူညီပါ။

# ဆက်လျက် ဆုတောင်းလိုပါသလား?

ရိုဟင်ဂျာလူမျိုးများအတွက် ပုံမှန်ဆုတောင်းချက်အတိုများ (အင်္ဂလိပ်ဘာသာဖြင့်) လက်ခံရရှိရန် အောက်ပါသော QRကုဒ်ကို scan ဖတ်၍ WhatsApp အဖွဲ့ထံသို့ဝင်ပါရန်။

ပိုမိုသိလိုပါက
pray4rohingya.org